# သခင်ဘုရား၏ဆေးကြောခြင်းမင်္ဂလာပွဲတော်

ရှင်လုကာ ၃း၁၅-၁၆၊ ၂၁-၂၂

အဘ ခမည်းတော်ဘုရားက ယေရှုဘုရားရှင်ကို လောကသို့ စေလွှတ်ရတဲ့အကြောင်းရင်းကတော့ လူအားလုံးကို ချစ်လို့ ကယ်တင်ဖို့အတွက် ဆင်းကြွလာတာဖြစ်ပါတယ်။ ဒါကြောင့် ယေရှုဘုရားရှင်က ဆေးကြောခြင်းကို ခံယူပြီး သူ့ရဲ့သာသနာပြုလုပ်ငန်းကို စတင်ပါတော့တယ်။

ကျနော်တို့ ဆေးကြောခြင်းခံပြီးကြတဲ့ ဘာသာသူတွေ အားလုံးဟာလည်း သာသနာပြုဖို့ တာဝန်ရှိကြပါတယ်။ မှတ်မိသေးလား ကျနော်တို့ ဆေးကြောခြင်းခံတဲ့အခါ အဆုံးသတ်မှာ ဘုန်းတော်ကြီးက အဝတ်ဖြူလေးကို အပ်နှင်းပြီး "ဖြူစင်သောအဝတ်ကို ခံယူလော့။ ယေရှုသခင်၏တရားစီရင်သောပလ္လင်တော်ရှေ့သို့ ဤအဝတ်ကို မစွန်းမကွက်စေပဲ ဖြူစင်စွာ ဝတ်ဆင်သွားလော့" လို့ မိန့်ကြားတော်မူတယ်။ နောက်ပြီး ဖယောင်းတိုင်ကို မီးထွန်းပြီး အပ်နှင်းတဲ့အခါမှာလည်း "ထွန်းထားသည့်ဖယောင်းတိုင်ကို ခံယူ၍ သင်ခံစားရသောဆေးကြောခြင်းမင်္ဂလာကို အပြစ်တင်စရာမရှိအောင် စောင့်ထိန်းလော့။ မင်္ဂလာဆောင်ပွဲတော်သို့ ယေရှုသခင် ကြွရောက်လာသောအခါ သိကြားရဟန္တာအပေါင်းတို့နှင့်တကွ ကိုယ်တော့်ကို ခရီးဦးကြိုပြုလျက် ကောင်းကင်ရွှေနိုင်ငံတော်မှာ ထာဝရစည်းစိမ်ခံစားအံ့သောငှါ ကိုယ်တော်၏ပညတ်တော်များကို စောင့်ထိန်းလော့" လို့ မိန့်မှာပါတယ်။

ဒါကြောင့် ကျနော်တို့ဟာ ဆေးကြောခြင်းခံယူရုံနဲ့ မလုံလောက်သေးပါဘူး။ ကိုယ်ခံစားရတဲ့ဘုရားရဲ့ချစ်ခြင်းကြောင်းကို လူတိုင်းကို ဖော်ပြပေးဖို့လိုပါတယ်။ ဒါဟာ သာသနာပြုတာပါပဲ။

ခရစ်ယာန်ဘာသာရေးမှာ ကျမ်းစာကို အတိအကျ

ခံယူကြတဲ့သူတွေက ပြောကြတယ်၊ "ခရစ်ယာန်မဟုတ်တဲ့ တစ်ခြားဘာသာကွဲတွေ အကုန် ငရဲရောက်မယ်" တဲ့။ သူတို့က ကျမ်းစာကို ကိုးကားပြီး ပြောကြသေးတယ်။ "ရှင်ယောဟန် ၁၄း၆ မှာ ယေဇူးက ငါသည် လမ်းခရီးဖြစ်၏။ သမ္မာတရားလည်းဖြစ်၏။ အသက်လည်း ဖြစ်၏။ ငါ့ကို အမှီမပြုပဲ မည်သူမျှ ခမည်းတော်ထံသို့ မလာနိုင်" လို့ ကျမ်းစာထဲမှာပါတဲ့အတွက်ကြောင့် ယေဇူးဘုရားကို မကိုးကွယ်တဲ့လူအားလုံး ငရဲရောက်ရတော့မှာလား။ နောက်ပြီး သူတို့က နောက်ထပ် ကျမ်းပိုဒ်တစ်ခုနဲ့ သက်သေပြတာက "ရှင်မာကု ၁၆း၁၆ မှာ "ယုံကြည်၍ဆေးကြောခြင်းခံယူသောသူတို့သည် ကယ်တင်ခြင်းခံရလိမ့်မည်။ မယုံကြည်သောသူမူကား အပြစ်စီရင်ခြင်း ခံရလိမ့်မည်။" လို့ အတိအလင်း ဖော်ပြထားလို့ မယုံကြည်တဲ့သူတွေအားလုံး ငရဲကျမည့် ပုံစံပဲ။

မှန်ပါတယ်။ ၁၆ ရာစု၊ ၁၇ ရာစုအစောပိုင်းမှာ ကက်သလစ်အသင်းတော်ကလည်း အဲ့လို ဘာသာရေးတယူသန်စိတ် ရှိကြတယ်။ ကက်သလစ်အသင်းတော်က ကျင်းပတဲ့ ဗာတီကန် (၂) အစည်းဝေးပွဲကြီးက ဆုံးဖြတ်လိုက်တာက ခရစ်ယာန် မဟုတ်ပေမဲ့ စိတ်ကောင်းနှလုံးကောင်းရှိတဲ့သူတွေ၊ ရိုးရိုးသားသားနဲ့ ဘုရားကို ရှာဖွေနေသူတွေ၊ သူတို့ရဲ့ ဩတ္တပ္ပစိတ်က ညွှန်ပြတဲ့အတိုင်း ရိုးသားစွာ နေထိုင်သူတွေအားလုံးဟာလည်း ကယ်တင်ခြင်းခံရနိုင်ပါတယ်။ ဘာဖြစ်လို့လည်းဆိုတော့ သူတို့က ခရစ်ယာန်ဘာသာဝင်သာ မဟုတ်တာ ခရစ်တော်ရဲ့မိန့်ကြားချက်အတိုင်း သူတစ်ပါးကို ချစ်တယ်လေ။ ခရစ်တော်ရဲ့မိန့်ကြားချက်အတိုင်း သူတစ်ပါးကို ခွင့်လွှတ်တယ်လေ၊ ရန်ငြိုးလည်း မထားဘူး။ ခရစ်တော်ရဲ့မိန့်ကြားချက်အတိုင်း ဆင်းရဲဒုက္ခရောက်သူတွေကို ကူညီတယ်လေ။ အဲ့ဒီလူတွေက ခရစ်တော်ကို သွယ်ဝိုက်သောနည်းဖြင့် ယုံကြည်လက်ခံနေကြတယ်၊

ဒါကြောင့် ခရစ်တော်ရဲ့သွန်သင်ချက်အတိုင်း ကျင့်ကြံနေထိုင်တာပေါ့။ ခရစ်တော်ရဲ့သွန်သင်ချက်မှန်းလည်း သူတို့ သိပုံမပေါ်ပါဘူး။ ခရစ်တော်/ယေဇူးဘုရားရှင်ဆိုတဲ့အမည်တောင် မကြားဖူးတာ - ဘယ်လိုလုပ် သွားယုံကြည်ရမှာလဲ။ သိတောင် မသိဘူး။

ကောင်းတဲ့လုပ်ရပ်၊ ကောင်းတဲ့စိတ်ထားမှန်သမျှဟာ ဘုရားဆီက လာတာပါပဲ။ ချစ်တဲ့လုပ်ရပ်၊ ချစ်တဲ့စိတ်ထားဟာလည်း ဘုရားဆီက လာတာပါပဲ။ ဘာဖြစ်လို့လဲဆိုတော့ "ဘုရားသခင်သည် ချစ်ခြင်းမေတ္တာ ဖြစ်တော်မူ၏။" လို့ ရှင်းရှင်းကြီး ဖော်ပြထားလို့ပါပဲ။ ဘုရားသခင်က လူတိုင်းကို ကယ်တင်ချင်တာပါ။

လူတိုင်းက ကိုယ့်ဘာသာကို ကိုယ်ကိုးကွယ် ကျင့်ကြံနေထိုင်ရင်းနဲ့ ကယ်တင်ခြင်းရနိုင်တယ်ဆိုရင် ကျနော်တို့ခရစ်ယာန်တွေက ဘာသာသနာပြုဖို့ လိုပါသေးသလဲလို့ မေးချင်မေးကြမယ်။ သာသနာပြုဖို့ လိုအပ်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ လူတိုင်းဟာ ကယ်တင်ခြင်းခံရနိုင်ပေမဲ့ သူတို့ စုံစုံလင်လင် သိစရာလိုပါသေးတယ်။ လူ့ဘဝရဲ့ အဓိပ္ပါယ်က ဘာလဲ၊ လူ့ဘဝရဲ့ ပန်းတိုင်က ဘာလဲ။ ဘုရားစစ်ဘုရားမှန်ဆိုတာ ဘာကိုပြောတာလဲ။ သူတို့ သိစရာတွေ အများကြီး ကျန်ပါသေးတယ်။ ဘာသာကွဲတွေကို မပြောပါနဲ့အုံး ကိုယ့်ခရစ်ယာန်ဘာသာသူတွေတောင် ဘုရားအကြောင်း သိတ်နားမလည်သေးတာပဲ။ ကိုယ့်ကက်သလစ်ခရစ်ယာန်တွေတောင် ဘုရားတရားအကြောင်း စုံစုံလင်လင် မသိကြသေးလို့ ကျနော်တို့က ကိုယ့်လူကို အရင် ဟောပြောပြစရာလိုပါသေးတယ်။ ကိုယ့်ကက်သလစ်ခရစ်ယာန်ဘာသာသူတွေက ကိုယ့်ဘာသာအကြောင်း မသိလိုက်ပုံများကတော့ ကိုယ်တော်မြတ်ပင့်ဖို့အတွက်ဆို ကက်သလစ်ဘုရားကျောင်းကို လာကြတယ်၊ တရားနာဖို့အတွက်တော့ နှစ်ခြင်းအသင်းတော်ဘုရားကျောင်းကို သွားကြတယ်။

ယေရှုဘုရားရှင်လည်း သူ့ခံစားရတဲ့ ခမည်းတော်ဘုရားရဲ့အချစ်ကို လူတွေ သိစေဖို့ လာရောက်ဟောပြောသက်သေခံ စံနမူနာပေးတော်မူခဲ့ပါတယ်။ သခင်ယေရှု ဆေးကြောခြင်းခံပြီး ရေထဲမှ တက်လာတဲ့အခါ ကောင်းကင်က အသံက "ဤသူသည် ငါချစ်မြတ်နိုးရာ ငါ၏ချစ်သားပေတည်း၊ သူ့ကို နားထောင်ကြလော့'' လို့ အသံဖြစ်ပေါ်လာခဲ့ပါတယ်။ ကျနော်တို့လည်း ဆေးကြောခြင်းခံယူပြီး ဘုရားရဲ့သားသမီးဖြစ်လာရတဲ့ ခံစားချက်ကို လူတကာတွေလည်း ခံစားမိစေဖို့ ပြောပြချင်ရပါမယ်။

တစ်ခါတစ်ရံမှာ ကျနော်တို့ ခံယူတဲ့ ဆေးကြောခြင်းစက္ကရမင်တူးတို့ ကိုယ်တော်မြတ်စက္ကရမင်တူးတို့ကို မျက်လှည့်လို့ ခံယူနေကြတာ မှားပါတယ်။ "ရေနဲ့ ဆေးကြောခြင်း ပေးလိုက်ရင် ငါ့အပြစ်တွေအလိုလို ပျောက်တယ်။ ကောင်းကင်ဘုံကို အလိုလိုရောက်ရှုပဲ ကျန်တော့တယ်။" လို့ ပေါ့ပေါ့ဆဆခံယူကြတယ်။ လူသစ်ဖြစ်လာဖို့၊ အမည်ခံခရစ်ယာန် မဟုတ်ပဲ တစ်ကယ့် ဘုရားရဲ့သားသမီးစိတ်ဓါတ်ရှိလာဖို့ အရေးကြီးလှပါတယ်။ ဒီလိုပါပဲ ''ငါက ကိုယ်တော်မြတ် နေ့တိုင်းပင့်နေတာ၊ ငါသေရင် ကောင်းကင်ဘုံ ရောက်မှာလို့ ပုံသေတွက်နေကြတယ်။ ကျနော်တို့ သေလို့ တရားစီရင်ခံရတဲ့အခါ သခင်ယေရှုက "မင်း ဘယ်နှစ်ခါ ကိုယ်တော်မြတ်ပင့်ခဲ့တာလဲ" လို့ မေးမှာ မဟုတ်ဘူး။ မင်း ဘုရားကျောင်းတက်ရဲ့လား၊ မနက်မေတ္တာဆိုရဲ့လားလို့ မေးမှာ မဟုတ်ဘူး။ "သင်ဟာ ဘုရားကို ချစ်ရဲ့လား၊ သူတပါးတွေကို ချစ်ရဲ့လား၊ ကိုယ့်ကိုယ်ကိုရော ချစ်သေးရဲ့လား" လို့ပဲ မေးပါလိမ့်မယ်။ ကိုယ်တော်မြတ်ပင့်တာ၊ ဘုရားကျောင်းတက်တာတွေက ချစ်ခြင်းမေတ္တာ ထားနိုင်ဖို့အတွက် နည်းလမ်းကောင်းတွေပဲ ဖြစ်ပါသေးတယ်။ ဒါတွေက ပန်းတိုင် မရောက်သေးပါဘူး။ ချစ်ခြင်းမေတ္တာဆိုတဲ့ပန်းတိုင်ကို ရောက်နိုင်ဖို့ နည်းလမ်းကောင်းတွေပါပဲ။ တခါတရံ ကျနော်တို့

ရှက်စရာကောင်းတယ်နော်၊ ဘုရားကျောင်းမတက်တဲ့လူကမှ နေ့တိုင်းဘုရားကျောင်းတက်နေတဲ့ကျနော်တို့ထက်တောင် သူတပါးတွေကို ချစ်တတ်သေးတယ်။ သနားတတ်တယ်။ ကိုယ်ချင်းစာတတ်တယ်။ ခွင့်လွှတ်တတ်တယ်။

ဒါကြောင့် ဆေးကြောခြင်းစက္ကရမင်တူးကလည်း ဘုရားရဲ့သားသမီးဖြစ်စေတဲ့ကျေးဇူး ပေးပါတယ်။ ဒီကျေးဇူးတော်ကို အသုံးပြုပြီး ကျနော်တို့ဟာ ဘုရားရဲ့သားသမီးပီသအောင် နေထိုင်နိုင်ရတော့မယ်လေ။ အခုတော့ ဆေးကြောခြင်းခံလို့ ရရှိတဲ့ကျေးဇူးတော်အတိုင်း မနေထိုင်ရင်တော့ ဘာမျှအရာမရောက်တော့ပါဘူး။

ယေဇူးဘုရားရှင်က သူခံစားရတဲ့ အဖခမည်းတော်ဘုရားရဲ့ ချစ်ခြင်းမေတ္တာကို လူတွေအားလုံး သိရှိခံစားရစေဖို့ သာသနာပြုလုပ်ငန်း လုပ်ဆောင်ခဲ့သလို ကျနော်တို့လည်း ဆေးကြောခြင်းခံစဉ်ရရှိခဲ့တဲ့ ဘုရားရဲ့သားသမီးစိတ်ဓါတ်ကို လူတွေအားလုံး သိရှိခံစားရစေဖို့ ယေဇူးဘုရားရဲ့သာသနာပြုလုပ်ငန်းကို ဆက်လက်လုပ်ဆောင်ကြပါစို့။

နားဆင်သူအားလုံးအပေါ် ဘုရားသခင့်ကောင်းကြီးမင်္ဂလာများ ခံစားကြရပါစေ။